ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(Village Development Plan (VDP)

ကြံခင်းမြို့

၂၀၁၈ ခုနှစ်　　ကွမ်းအစ်ကုန်း အုပ်စု၊ ကွမ်းအစ်ကုန်း ကျေးရွာ

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
ပဲခူး တိုင်း ဒေ သ ကြီး
ဧရာဝတီမြစ်
ကြံခင်းသစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ်ကွမ်းအစ်ကုန်း ကျေးရွာအုပ်စုပြမြေပုံ




ကွမ်းအစ်ကုန်းကျေးရွာအုပ်စု ပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း**

ကွမ်းအစ်ကုန်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

**၁. ကွမ်းအစ်ကုန်း ကျေးရွာ**

၂. ရေလယ်ကျင်း ကျေးရွာ

၃. ကြာအင်းလေး ကျေးရွာ

၄. သာယာကုန်း ကျေးရွာ

၅. ပင်ကတိုင်း ကျေးရွာ

၆. ငွေးချို ကျေးရွာ

၇. သာပေါင်း ကျေးရွာ

၈. ဂန်ထောက်ကွင်း ကျေးရွာ

၉.ဖိုးခေါင်ကွင်း ကျေးရွာ

ကွမ်းအစ်ကုန်း ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကွမ်းအစ်ကုန်းကျေးရွာ အခြေခံအချက်အလက်များ

ရောဂတီတိုင်းဒေသကြီး ၊ ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကွမ်းအစ်ကုန်းကျေးရွာအုပ်စု၊ ကွမ်းအစ်ကုန်းကျေးရွာသည် ကြံခင်းမြို့၏ အနောက်ဘက်တွင်ရှိသည်။ ကြံခင်းမြို့မှ ၁၅မိုင်ခန့်ဝေးပါသည်။ ကွမ်းအစ်ကုန်းကျေးရွာ၊ ရွာချင်းဆက်လမ်းမှာ မြောက်ဘက်သို့သွာလျှင် ပင်ကတိုင်းကျေးရွာ တောင်ဘက်သို့သွားလျှင် ကြာအင်းလေး ထိုမှတစ်ဆင့် ကြိုးတံတား ကူး၍ ကြာအင်းကျေးရွာသို့ ရောက်ရှိနိုင်သည်။ ကွမ်းအစ်ကုန်းကျေးရွာတွင် အိမ်ခြေ(၆၇)ရှိပြီး လူဦးရေ (၂၃၃)ဦးနေထိုင်ကြသည်။

ကွမ်းအစ်ကုန်းကျေးရွာတွင် နေထိုင်သူများ၏အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။

ကွမ်းအစ်ကုန်းကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းပညာရေးကို အ.လ.က မြောင်ကြီး၊ အထက်တန်းပညာရေးကို အ.ထ.က ဘက်ရဲတွင် သွား ရောက်ပညာသင်ယူနေကြပါသည်။

ကျန်းမာရေးအနေဖြင့် ကျေးရွာဆေးပေးခန်း၊ မရှိဘဲ နီးစပ်ရာ ကျေးရွာများနှင့် ဘက်ရဲမြို့ ပြည်သူ့ဆေးရုံ၊ ကြံခင်းမြို့ ပြည့်သူဆေးရုံများသို့ သွားရောက် ဆေးကုသမှု ခံယူကြရသည်။

ကွမ်းအစ်ကုန်းတွင် နေထိုင်သူ အိမ်ထောင်စု ၃၈ ရာခိုင်နှုန်းသည် လက်လုပ်လက်စားများဖြစ်ပါသည်။ သို့သော် ကျေးရွာသူကျေးရွာသားများ သည် ရိုးသားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ အလှူအတန်း ရက်ရောခြင်း၊ ပူးပေါင်းတတ်သော အလေ့အထများ စသည်တို့ဖြင့်ပြည့်စုံပြီး အေးချမ်းသာယာသော ရွာလေးတစ်ရွာဖြစ်ပါသည်။

# ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၉.၁၁.၂၀၁၉ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၉ | ၁၂ | ၂၁ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၉.၁၁.၂၀၁၉ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၉ | ၁၂ | ၂၁ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၉.၁၁.၂၀၁၉ | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | ၉ | ၁၂ | ၂၁ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၉.၁၁.၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၉ | ၁၂ | ၂၁ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၇.၁၁.၂၀၀၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၉ | ၁၂ | ၂၁ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၇.၁၁.၂၀၀၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၉ | ၁၂ | ၂၁ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၇.၁၁.၂၀၀၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၉ | ၁၂ | ၂၁ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၇.၁၁.၂၀၀၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၉ | ၁၂ | ၂၁ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျော်မှန်းထားသလဲ<br>-ဘာကြောင့်မျော်မှန်းထားမှု |
| ၉။ | ပြဿနာသစ်ပင် (Problem Tree) | | အားလုံး | | | | -ဆွေးနွေးထားသောအခက်ခဲများ<br>-ဖြစ်ပေါ် လာရသည့်အကြောင်းရင်းများ အကျိုးဆက်များ<br>-မည်ကဲ့သို့ဖြေရှင်းရမည်နည်း။ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်း | ၇.၁၁.၂၀၀၇ | ကော်မတီဂင်များ၊ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၉ | ၁၂ | ၂၁ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့် လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>



လူမှုအရင်းအမြစ်ပြမြေပုံ

## ၆။(က) လူမှုအရင်းမြစ်ပြ မြေပုံသုံးသပ်ချက်

ကွမ်းအစ်ကုန်း ကျေးရွာသည် ကွမ်းအစ်ကုန်းအုပ်စု တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပါသည် ကွမ်းအစ်ကုန်း ကျေးရွာမြေပုံအရ -

- သဘာဝ အရင်းအမြစ်များ အဖြစ် ချောင်း၊ လယ်၊ တောင်ကုန်း၊ ကိုင်း၊ ယာကုန်း တို့တည်ရှိပါသည်။
- လူမှုအရင်းအမြစ်များအဖြစ် စာသင်ကျောင်း၊ လမ်း၊ လယ်ယာသုံးပစ္စည်းများ၊ အိမ်၊ တံတား တို့တည်ရှိပါသည်။
- သဘာဝ အရင်းအမြစ်များ ရှိသော်လည်း လူမှု အရင်းအမြစ်များ ရှားပါးပါသည်။ထို့ကြောင့် လယ်ယာလုပ်ကိုင်သူများပြား၍ လယ်ကိုသာအားထား ကြပါသည်။
- ရွာ၏မြောက်ဘက်တွင် တောင်ကုန်းများရှိ၍ အနောက်ဘက်တွင် ချောင်းရှိသောကြောင့် ရေကြီး ရေလျှံမှု နှင့် တောမီးလောင်ခြင်း သဘာဝဘေး စိုးရိမ်မှုရှိပါသည်။
- ကျေးရွာလိုအပ်ချက်အနေဖြင့် အခြေခံအဆောက်အဦးများနှင့် ရွာလမ်းများ ကောင်းမွန်ရန် လိုအပ်ပါသည်။
- ချောင်းကူးတံတားရှိ၍ သွားလာရလွယ်ကူသော်လည်း မိုးအခါ ပစ္စည်းများ သယ်ယူရာတွင် အခက်အခဲများစွာရှိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>




ရာသီခွင်ပြ ပြက္ခဒိန်


## ၆။(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ၏ ရာသီခွင်အခြေအနေအလိုက် ကဏ္ဍအသီးသီးကို လေ့လာခြင်းအားဖြင့် ၎င်းတို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတတ်မှုကိုသိနိုင်သည်။

- တန်ခူးလမှစ၍ နယုန်လအထိ ပူပြင်းခြောက်သွေ့သောရာသီဖြစ်သည်။အလုပ်အကိုင်ရှားပါး၍ ဝင်ငွေနည်းပါးသောကာလ ဖြစ်သည်။ဝါဆိုလမှစ၍ လယ်ယာလုပ်ငန်းခွင်ဝင်ကြရပါသည်။ထို ကာလသည်ပုံမှန် ဝင်ငွေရရှိသောကာလ ဖြစ်သည်။တန်ဆောင်မုန်းလတွင် စပါးများရိတ်သိမ်း၍ဝင်ငွေများပြားသော လဖြစ်ပါသည်။
- ရာသီအကူးအပြောင်းကာလများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး နှင့် ၄က်ဖျားရောဂါများ ဖြစ်တတ်ကြပါသည်။ရာသီပွဲတော်များ သာကျင်းပ၍ အခြားပွဲတော်များ မရှိပေ။နွေရာသီတွင် သောက်သုံးရေ လွယ်ကူသော်လည်း မိုးရာသီတွင် သောက်သုံးရေရှားပါးသည်။
- မိုးရာသီတွင် ချောင်း၊ မြောင်း၊ ရှိ၍ အသားငါး နှင့် အသီးအရွက်ပေါများပါသည်။ကျန်ကာလများ တွင်ဒေသထွက် အသီးအရွက်များကိုသာ စားသုံးကြပါသည်။
- ကျေးရွာအနေဖြင့် စီးပွါးရေး၊ သောက်သုံးရေရရှိခြင်း၊ အစားအသောက်၊ ကျန်းမာရေး အခြေအနေ တို့သည် သင့်တော်မျှတသော ကျေးရွာကလေးဖြစ်သည်ကိုတွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ၆။(ဂ) လူမှုစီးပွါးအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ကွမ်းအစ်ကုန်း ကျေးရွာ၏ လူမှုစီးပွါးသတ်မှတ်ချက် အဆင့်များအား လေ့လာခြင်းဖြင့် ကျေးရွာ၏ စီးပွါးရေးအခြေအနေကို သိရှိနိုင်သည်။

- ကွမ်းအစ်ကုန်း ကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စု မရှိပါ။ မပြေလည်သော အိမ်ထောင်စု (၆)စုရှိပါသည်။၎င်းအိမ်ထောင်စုများသည် ပျဉ်ထောင်ပျဉ်ခင်း၊သက်ငယ်မိုးအိမ်၊ လယ်၊ကိုင်းမရှိ ၊နွားရှိ၍ လက်လုပ်လက်စားများဖြစ်ကြပါသည်။
- အသင့်အတင့် အိမ်ထောင်စု (၆)စုဖြစ်၍ ချမ်းသာသော အိမ်ထောင်စုမှာ (၈)စုရှိပါသည်။လယ်၊ ကိုင်း၊ ကုန်း၊ နွားများပိုင်ဆိုင်ကြ၍ ဝမ်းစာ စပါးသိုမှီးကာ ပြည့်စုံသော မိသားစုများ ဖြစ်ကြပါသည်။
- ဤမြေပုံအရ ကြာအင်းလေး ကျေးရွာသည် စီးပွါးရေးကောင်းမွန်၍ အဆင်ပြေသော ကျေးရွာတစ်ရွာ ဖြစ်သည်ဟု ယူဆရပါမည်။(၁၀၀%)တွင် (၃၀%) သာနွမ်းပါးသူများ ဖြစ်ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>



အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


## ၆။(ဃ) အဖွဲ့အစည်းချိတ်ဆက်မှု သုံးသပ်ချက်

ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်း အသီးသီး၏ ချိတ်ဆက်ပုံကို သိရှိရန် နှင့် ချိတ်ဆက်ဆောင်ရွက်တတ်စေရန် -

- ကျေးရွာတွင်းအဖွဲ့အစည်းများ အဖြစ် အုပ်ချုပ်ရေးအဖွဲ့၊ အရံမီးသတ်၊ ဂေါပကအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ပရဟိတလူငယ်အဖွဲ့၊ လူထုဗဟိုပြုကော်မတီအဖွဲ့၊ အမျိုးသမီး ပရိတ်အသင်းတို့အားတွေ့ရပါသည်။၎င်းအဖွဲ့အစည်း များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှု ရှိကြောင်းတွေ့ရပါသည်။
- အုပ်ချုပ်ရေးအဖွဲ့အစည်းသည် ကျေးရွာမှ အုပ်စု နှင့် မြို့နယ်တို့အားချိတ်ဆက်ထားသည်။ ကျေးရွာတွင်ကြီးမားသော အဖွဲ့အစည်းဖြစ်သကဲ့သို့ ဩဇာရှိသောအဖွဲ့အစည်းလည်းဖြစ်ပါသည်။
- အဖွဲ့အစည်းများပြားသော်လည်း ရပ်ရွာအကျိုးပြု ဖွံ့ဖြိုးရေး အဖွဲ့အစည်းအဖြစ် လူထုဗဟိုပြု စီမံကိန်းကိုသာ တွေ့ရပါသည်။အခြားအဖွဲ့အစည်းများဝင်ရောက်ထားခြင်း မရှိပါ။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်



အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု


### ၆။(င) အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှု နှင့် ထိန်းချုပ်မှု သုံးသပ်ချက်

အရင်းအမြစ်များတွင် သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်ဟူ၍ ရှိပါသည်။ကျေးရွာ၏ အရင်းအမြစ်များကို လေ့လာခြင်းသည် ကျေးရွာ၏ဖွံ့ဖြိုးရေးကို မှန်းဆနိုင်သည်။

- အမျိုးသားများသည် လယ်၊ ကိုင်း၊ဥယျာဉ် ၊ လှည်း ၊ ထော်လာဂျီ၊ အိမ်၊ နှင့် နွား များအား အသုံးပြုကြပါသည်။ အမျိုးသမီးများသည် ချောင်း၊အိမ်၊ အပ်ချုပ်စက်၊ ကြက်၊ ဝက်၊ တို့ကို အသုံး ပြုကြပါသည်။ အိမ်၊ကျောင်း၊တုံကင်၊ရေတွင်း၊ တံတား၊ လမ်း၊ နှင့် စက်ကိရိယာတို့ကို နှစ်ဦးနှစ်ဖက် အသုံးပြုကြ ပါသည်။
- ပိုင်ဆိုင်မှု၊ ဆုံးဖြတ်ခွင့်များတွင်မှု အမျိုးသားများကသာ ပိုမိုဆုံးဖြတ်ခွင့်များ သည်ကို တွေ့ရပါ သည်။နှစ်ဦးနှစ်ဖက် ဆုံးဖြတ်ကြသော အရာများမှာ အများပိုင်အဆောက်အဦးများ ဖြစ်သည့် ကျောင်း၊ လမ်း၊ တံတား၊ တို့ဖြစ်ကြပါသည်။
- အရင်းအမြစ်များအား ကျား - မ တန်းတူ အချိုးညီစွာ အသုံးပြုကြသော်လည်း အရေးကြီးသည့် ဆုံးဖြတ်ချက်များ ထိန်းချုပ်မှုများကို အမျိုးသားများကသာ ဆောင်ရွက်ကြကြောင်းတွေ့ရ ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>



ပင့်ကူအိမ်ကွန်ယက်


## ၆။(စ) ပင်ကူအိမ်ကွန်ယက် သုံးသပ်ချက်

ပင့်ကူအိမ် သုံးသပ်ခြင်းသည် ကျေးရွာတစ်ရွာ၏ ကျား-မ ရေးရာကဏ္ဍကို ဆိုလိုခြင်းပင်ဖြစ်သည်။

- အမျိုးသားများသည် အရင်းအမြစ်အပေါ် အသုံးချမှုကဏ္ဍ၊ အုပ်ချုပ်မှု၊ လုံခြုံမှု၊ အဖွဲ့အစည်းများနှင့်ဆောင်ရွက်မှု ကဏ္ဍများတွင် အမျိုးသမီးများထက် ပိုမိုလက်လှမ်းမှီကြောင်း တွေ့ရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုကဏ္ဍတွင် ပါဝင်လုပ်ဆောင်မှုအများဆုံး ရှိကြောင်း တွေ့ရပါသည်။အုပ်ချုပ်မှု နှင့် အရင်းအမြစ် အသုံးပြုမှုတွင် အားနည်းကြောင်းတွေ့ရသည်။
- ကျား-မ ကွာခြားမှု နည်းပါးသော ကဏ္ဍများမှာ ဝင်ငွေရှာဖွေမှု၊ ပညာရေးအပေါ် လက်လှမ်းမှီမှု၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်မှု တို့ဖြစ်ကြပါသည်။
- ကဏ္ဍအသီးသီးတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုလက်လှမ်းမှီကြောင်း တွေ့ရပါသည်။အမျိုးသမီးများသည် အိမ်တွင်းမှု ဌသာ အချိန်ကုန်၍ အစဉ်လာသကဲ့သို့ ရှက်ကြောက်ခြင်း၊ အမျိုးသားများကိုသာ နေရာပေးခြင်း၊ လူမှုဓလေ့ထုံးစံကို လွန်ဆန်ရန်ခက်ခဲခြင်း တို့ကြောင့် ကဏ္ဍအသီးသီးတွင် နောင့်နှေးနေခြင်းဖြစ်ပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ


### ၆။(ဆ)ကျေးရွာ အခက်အခဲ ပြဿနာများ

ကျေးရွာ၏ အခက်အခဲ ပြဿနာများမှာ ကျေးရွာ၏ စိန်ခေါ်မှုပင်ဖြစ်၏။

- ရွာ၏နေအထားအရ ရိုးချောင်းဘေးတွင် နီးကပ်စွာ တည်ရှိနေသောကြောင့် ရေကြီးရေလျှံမှု ဒဏ် အား နစ်စဉ်ခံစားရပါသည်။
- မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသောကြောင့် ဒေသထွက် သီးနှံများအချိန်မှီ တင်ပို့ရောင်းချရန်ခက်ခဲပါသည်။အမျိုးသမီးများ အနေဖြင့် အလုပ်အကိုင်ရှားပါးခြင်း အခက် အခဲရှိပါသည်။
- မိုးရာသီတွင် ကားများ၊ လှည်းများဝင်၍ မရသောကြောင့် ဘာသာရေး၊ ကျန်းမာရေးဆိုင်ရာများ ပစ္စည်းများ သယ်ယူရန် အခက်အခဲများရှိပါသည်။
- ချောင်းရေအား နွေရာသီတွင် သောက်သုံးနိုင်သော်လည်း မိုးရာသီတွင် သောက်သုံးရန် မသင့်၍ သောက်သုံးရေရှားပါးသော အခက်အခဲကိုလည်း ရင်ဆိုင်ရပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၉) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း



မျှော်မှန်းချက်


## ၆။(ဈ) ကျေးရွာ မျှော်မှန်းချက်အား သုံးသပ်ချက်

ကျေးရွာ၏ မျှော်မှန်းချက်များတွင် အမျိုးသား နှင့် အမျိုးသမီး တူညီသော မျှော်မှန်းချက် နှင့် မတူညီသော မျှော်မှန်းချက်များရှိကြပါသည်။

- အမျိုးသား နှင့် အမျိုးသမီး တူညီသော မျှော်မှန်းချက် များမှာ - တစ်ရွာလုံး မီးရရှိရေး (မီးလင်းရေး)၊ ရေတွင်းရေကန်ပြည့်စုံရေး၊ ချောင်းကူး ကွန်ကရစ်တံတား၊စာကြည့်တိုက်၊ ရွာချင်းဆက်လမ်းနှင့် ရွာလမ်းမကြီး ကောင်းမွန်ရေး၊ တို့ ဖြစ်ကြပါသည်။
- အမျိုးသားများသည် အစည်းအဝေးခန်းမ ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊စက်မှုလက်မှု အတတ်ပညာ၊ တို့အား မျှော်မှန်းကြပါသည်။
- အမျိုးသမီးများသည် ရေကာတာရရှိရန်၊အလုပ်အကိုင်အခွင့်အလမ်းရရှိရန်၊ မူကြိုကျောင်း၊ ဆေးပေးခန်း တို့ကိုလည်း လိုလားကြပါသည်။
- ကျေးရွာသူရွာသားများ၏ မျှော်မှန်းချက်များ အရ ၎င်းတို့သည် မိမိတို့ရွာအား ဖွံ့ဖြိုးတိုးတတ် စေချင်သော ဆန္ဒရှိနေကြောင်း တွေ့ရပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(၅) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်



ဦးစားပေးလုပ်ငန်းများ

### ၆။(ဈ) ဦးစားပေးလုပ်ငန်းများ သုံးသပ်ချက်

ကွမ်းအစ်ကုန်း ကျေးရွာတွင် ဒုတိယ နှစ်စက်ဝန်း ကတည်းက အကောင်အထည်ဖော်ရန် လုပ်ငန်းအား ကျေးရွာသူရွာသားများ ရွေးချယ်ကြပြီး ဖြစ်သည်။ထိုသို့ရွေးချယ်ရာတွင်ဦးစားပေး အဆင့်များ သတ်မှတ် ၍ ရွေးချယ်ခဲ့ကြပါသည်။

| | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ |
|---|---|---|
| (၁) | ကွန်ကရစ်တံတား | (ကျား+မ) |
| (၂) | ပင်ကတိုင်း-ကွမ်းအစ်ကုန်း(ချောင်းကျောက်ခင်းလမ်း) | (ကျား) |
| (၃) | လျှပ်စစ်မီး (Transformer) | (ကျား) |
| (၄) | ရေထိန်းနံရံ | (ကျား) |
| (၅) | အစည်းဝေးခန်းမ | (ကျား+မ) |
| (၆) | ဆေးပေးခန်း | (ကျား+မ) |
| (၇) | မူကြိုကျောင်း | (ကျား+မ) |
| (၈) | စာကြည့်တိုက် | (ကျား) |

ကွမ်းအစ်ကုန်း ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများအား ကျေးရွာလူထုအမျိုးသား နှင့် ကျေးရွာလူထု အမျိုးသမီး တို့က ရွေးချယ်ဖော်ထုတ်ခဲ့ကြပါသည်။ဦးစားပေး (၁)လုပ်ငန်းအား စီမံကိန်း ဒုတိယနှစ်တွင် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါသည်။ကွမ်းအစ်ကုန်း ကျေးရွာသည် အုပ်စု၏ သဘောတူ ဆုံးဖြတ်ချက်အရ စီမံကိန်း တတိယနှစ်-စတုတ္ထနှစ် နားသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

ဂျ။ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ






ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ

၈။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကွမ်းအစ်ကုန်း ကျေးရွာ။ ။ ကွမ်းအစ်ကုန်း

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၉ . ၁၂ . ၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးသောင်းရွှေ | ၀၉၇၉၁၈၄၁၈၆၄ | |
| ၂ | | ဥက္ကဌ | ဒေါ်စန္ဒာမိုး | ၀၉၂၅၂၃၁၈၇၇၂ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတင်မင်းမောင် | ၀၉၇၉၆၈၂၃၄၀၄ | |
| ၄ | | အဖွဲ့ဝင် | ဒေါ်ပန်းအိနိုင် | ၀၉၇၆၇၇၂၆၃၄၃ | |
| ၅ | | | | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်အေးအေးနိုင် | ၀၉၇၆၈၆၁၄၂၉၈ | |
| ၇ | | အဖွဲ့ဝင် | ဦးဌေးမင်း | ၀၉၇၉၃၆၂၂၄၇၆ | |
| ၈ | | | ဒေါ်ခင်ဦး | ၀၉၇၇၈၇၂၈၂၄၄ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်း ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်သိုက် | ၀၉၇၉၃၅၂၁၈၁၇ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်သန်းပု | - | |
| ၁၁ | | | ဒေါ်ဝင်းဝင်းမော် | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးဝင်းရွှေ | - | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဇော်မြင့်ထွန်း | - | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ယုယုခိုင် | - | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးရဲမင်းထွန်း | ၀၉၂၅၃၆၆၆၂၂၃ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခင်ဆွေဝင်း | ၀၉၉၇၆၅၉၆၂၁၆ | |

လက်ထောက်နည်းပညာမှူး - ဦးဇာနည်အောင်

လူထုစည်းရုံးရေးမှူး - ဒေါ်ဇာလီနိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09-791847864 | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|

| ပြည်နယ်၊တိုင်းဒေသကြီး ကရင် | မြို့နယ် ကြာအင်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|---|

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၆၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၆၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၉၅ | ၁၂၅ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၅၀ | ၉ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ချောင်းကြောင်းလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၅ မိနစ်------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်------၅ မိနစ်------------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----လမ်းကော်မတီ--------

(၂) -----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ~~[illegible]~~ ဦးခင်မြ

လက်မှတ် [signature] နေ့စွဲ ၁၅ . ၉ . ၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်စာလီနိုင်

လက်မှတ် Naing. နေ့စွဲ ၁၅ . ၉ . ၂၀၁၇

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်[illegible] | | | |
| နေ့စွဲ ၇ . ၁၁ . ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွမ်းအစ်ကုန်း | ကျေးရွာ ကွမ်းအစ်ကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 7.11.17 | 7.11.17 | 9 | 12 | 21 | ဗမာ \| ဗုဒ္ဓ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 7.11.17 | 7.11.17 | 9 | 12 | 21 | ဗမာ \| ဗုဒ္ဓ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 24.10.17 | 24.10.17 | 13 | 13 | 26 | ဗမာ \| ဗုဒ္ဓ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 14.12.17 | 14.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 27.12.17 | 27.12.17 | 4 | 4 | 8 | ဗမာ \| ဗုဒ္ဓ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ကလာမိုင်

| | |
|---|---|
| နေ့စွဲ 7. 11. 2017. | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| | | |
|---|---|---|
| ~~ပြည်နယ်~~/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွမ်းခြံကုန်း ကျေးရွာ ကွမ်းခြံကုန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ | ၁ | လျှပ်စစ်မီး ခက်ခဲခြင်း |
| ၂ | လမ်းကောင်း[illegible]မှုမရှိခြင်းနှင့် သီးနှံများသယ်ယူ ရခက်ခဲခြင်း | ၂ | ရေကာတာမရှိ၍ ကမ်းပါးများ ပြိုကျ ပျက်စီးခြင်း |
| ၃ | လူအများ စုဝေးရန် ဇရပ်မရှိခြင်း | ၃ | အမျိုးသမီးများ အတွက် လက်မှုပညာအလုပ် မရှိသည့်အတွက် ဝင်ငွေ မရှိခြင်း |
| ၄ | လျှပ်စစ်မီး မရှိခြင်း | ၄ | မူကြို ကျောင်း မရှိခြင်း |
| ၅ | ကျေးရွာလူထု ဗဟုသုတ နည်းပါးခြင်း | ၅ | ဆေးပေးခန်း မရှိခြင်း |
| ၆ | မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း | ၆ | လမ်းမကောင်းခြင်း - |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး လင်းနိုင်သော ကျေးရွာဖြစ်ရမည် | ၁ | ရွာတွင်း လျှပ်စစ်မီး ရှိရမည် - |
| ၂ | စာကြည့်တိုက် ရှိရမည်။ | ၂ | ရွာတွင် ရေကာတာ ရှိရမည်။ |
| ၃ | စက်မှု လက်မှု လုပ်ငန်းများ ရှိရမည် - | ၃ | မူကြို ကျောင်း ရှိရမည် - |
| ၄ | စိုက်ပျိုးရေး နှင့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရမည် - | ၄ | ဆေးပေးခန်း ရှိရမည်။ |
| ၅ | မီးဘေးအန္တရာယ်အတွက် မီးသတ်ကား ဝင်နိုင်ရမည် - | ၅ | ရွာတွင်း ကောင်းမွန်သော လမ်း ဖြစ်ရမည် - |
| ၆ | | ၆ | အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှိရမည် - |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျိုးဖင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဥ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဥ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ချောင်းကျောက်[illegible] (ပဲ[illegible]-ကွမ်း[illegible]) | ကျား | ၂၈ သိန်း | ၂၂၀ ဦး |
| ၂ | မူကြိုကျောင်း | ကျား + မ | ၆၅ သိန်း | ကလေး ၅၀ဦး ၂၂၀ဦး |
| ၃ | [illegible] | ကျား + မ | ၆၅ သိန်း | ၂၂၀ ဦး |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျိုးမဖင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဥ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဥ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible]မွေးမြူရေးလုပ်ငန်း မွေးမြူရေးလုပ်ငန်း | ကျား + မ | |
| ၂ | စက်ချုပ်သင်တန်း | မ | |
| ၃ | ကတိုး ပန်းထိုး လုပ်ငန်း | မ | |
| ၄ | အလှပြင် လုပ်ငန်း | မ | |
| ၅ | [illegible] | မ | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဒေါ်[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ---7.11.2017---

ဦး[illegible] လက်မှတ် [signature] နေ့စွဲ 7.11.2017

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်း လက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်ကာလာနိုင် ၊ ဦး စာရှည်ဆောင်း | | |
| နေ့စွဲ 24.10.17 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ တိုင်း | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ဇွမ်းအစ်ကုန်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| နေ့တောက်ကွင်း | အဝေးပြေးမီးလိုင်း ဆွဲ | 3ph,15KV (၄၀၀၀') | ၃၇၉ ဦး | ☑အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၆၁၅၀၀၀၀/- | - | - | ၆၁၅၀၀၀၀/- |
| ဖိုးတော်ကွင်း | အမြစ်တစ် ရေကန် / ပိုက်သွယ် | ၈'x၆'x၁၈' (၁၅၀၀ဂါလံ) (၃၅၀၀') | ၃၃၃ ဦး | ☑အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၆၁၃၀၀၀၀/- | - | - | ၆၁၃၀၀၀၀/- |
| သာယာကုန်း | အဝေးပြေးမီး လိုင်းဆွဲ | 2ph,10KV (၁၆၀၀') | ၈၇ ဦး | ☑အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၃၅၂၀၀၀၀/- | - | - | ၃၅၂၀၀၀၀/- |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလျာထားချက်

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကြာအင်ဘော | အမြင့်တင် ရေကန် / ပိုက်သွယ် | ၈'x၆'x၁၈' (၁၅၀၀၀ဂါလံ) (၃၀၀၀') | ဂုဏ်ဦး | ☑အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၆၄၀၀၀၀ိ | - | | - | ၆၄၀၀၀၀ိ |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဒေါ်ခင်စန်းမော် ၊ ဦးဖေမြင့်ချစ်ဆွေ

လက်မှတ် [signature] ရက်စွဲ ၂၄.၁၀.၂၀၁၅

၁၃။ (ပထမ +ဒုတိယ ) အကြိမ်ကျေးရွာ အစည်းဝေးမှတ်တမ်း

ကွမ်းအစ်ကုန်း ကျေးရွာ၏ လူထုဗဟိုပြု စီမံကိန်း တတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း နှင့် လူမှုဆန်းစစ်ချက်များ ပြန်လည်သုံးသပ်ခြင်း၊ ကော်မတီဝင်များ အတည်ပြု ရွေးချယ်ခြင်း အစည်းအဝေးကို (၇ .၁၁ .၂၀၁၇) တွင် ရွာသူရွာသားများ နှင့်အတူ ပြုလုပ်ကျင်းပ ခဲ့ပါသည်။

စီမံကိန်း ဒုတိယနှစ်တွင် ရွေးချယ်ခဲ့သော ကော်မတီဝင်များပြောင်းလဲမှု မရှိပေ။ အဘယ်ကြောင့် ဆိုသော် ကွမ်းအစ်ကုန်း ကျေးရွာသည် စီမံကိန်းနားသောကျေးရွာဖြစ်သောကြောင့်ဖြစ်သည်။ အရင်နှစ်များက ရေးဆွဲအကောင်အထည်ဖော်ခဲ့သော လူမှုဆန်းစစ်ချက်များ၊အခက်အခဲ ပြဿနာများ မျှော်မှန်းချက်များ အားပြန်လည်စမ်းစစ်ခဲ့ကြပါသည်။

ကွမ်းအစ်ကုန်း ကျေးရွာသည် စီမံကိန်း တတိယနှစ် နှင့် စတုတ္ထနှစ်တို့တွင် နားသော်လည်း စီမံကိန်း နှင့်သက်ဆိုင်နေသေးကြောင်း သိရှိရန် နှင့် အုပ်စုအစည်းအဝေးများ ပြုလုပ်လျှင် စီထောက်ဥက္ကဌ နှစ်ဦးတို့မှ တတ်ရောက်ပေးကြရန် လူထုစည်းရုံးရေးမှူး မှ ရွာသားများအား သေချာစွာရှင်းပြခဲ့ပါသည်။ ထိုနောက် အရင်နှစ်များက အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းများအား ပြင်ဆင်ထိန်းသိမ်းမှု ပြုလုပ်ကြ စေလိုကြောင်း လက်ထောက်နည်းပညာမှူးမှ မှာကြား၍ အစည်းအဝေးရပ်နားခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

ဒေါ်ဇာလီနိုင်

( လူထုစည်းရုံးရေးမှူး )

## ၁၄။ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁။ | ကွန်ကရစ်တံတား | ကျား<br>မ | ၂၀၁၇ | ရွာသူရွာသားများ | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | ဆက်သွယ်ရေး<br>ချောင်းကျောက်လမ်း | ကျား<br>မ | - | - | ကျေးလက်ဦးစီး<br>ဌာန |
| | ၃။ | မူကြိုကျောင်း | ကျား<br>မ | - | - | ကျေးလက်ဦးစီး<br>ဌာန |
| | ၄။ | အစည်းအဝေးခန်းမ | ကျား<br>မ | - | - | - |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/စိုက်ပျိုးရေး | ၁။ | စိုက်ပျိုးရေး လုပ်ငန်း | ကျား<br>မ | - | ရွာသူရွာသားများ | စိုက်ပျိုးရေးဝန်ကြီးဌာန |
| | ၂။ | အပ်ချုပ်သင်တန်း | မ | - | ရွာသူရွာသားများ | INGO<br>စက်မှုလက်မှုသင်တန်းကျောင်း |
| | ၃။ | မွေးမြူရေးလုပ်ငန်း | မ | - | ရွာသူရွာသားများ | မွေးမြူရေးဝန်ကြီးဌာန |
| | ၄။ | ဇာထိုးပန်းထိုးလုပ်ငန်း | မ | - | ရွာသူရွာသားများ | INGO<br>စက်မှုလက်မှုသင်တန်းကျောင်း |
| | ၅။ | အလှပြင်သင်တန်း | မ | - | ရွာသူရွာသားများ | ကျေးလက်ဦးစီး<br>ဌာန |
| အခြား | ၁။ | (၁၀)တန်းအောင်ဘွဲ့ရ များ<br>အတွက်အလှပြင်သင်တန်း | မ | - | ရွာသူရွာသားများ | ကျေးလက်ဦးစီး<br>ဌာန |
| | | | | | | |
| | | | | | | |